(၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး နှင့်စပ်လျဥ်း၍ အမျိုးသားညီညွတ်ရေး အစိုးရ နိုင်ငံခြားရေးဝန်ကြီးဒေါ်ဇင်မာအောင်ကပေးပို့သော သဝဏ်လွှာ

အဆွေတော် ဘရူနိုင်းဒုတိယနိုင်ငံခြားရေးဝန်ကြီး -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရသည် (၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးသည့် အကြောင်းအရာများကို အနီးကပ်စောင့်ကြည့်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စနှင့် ပတ်သက် သည့် ဆွေးနွေးချက်များကို အလေးထား စောင့်ကြည့်လျက်ရှိပါသည်။ အမျိုးသားညီညွတ်ရေး အစိုးရသည် (၅၄) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲ ထုတ်ပြန်ချက်ကို မှတ်သားထားပါသည်။ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် ဘရူနိုင်းနိုင်ငံသည် အာဆီယံကို ပိုမို ငြိမ်းချမ်းတည်ငြိမ်ပြီး၊ စိန်ခေါ်မှုများကို ထိထိရောက်ရောက် တုန့်ပြန်ကျော်လွှားနိုင်စွမ်းရှိသည့် ကြံ့ခိုင်သော အသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်နိုင် လိမ့်မည်ဟု ယုံကြည်ပါသည်။ အာဆီယံ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ် ခန့်အပ် ခြင်းခံရမှုကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရက ကြိုဆိုပါသည်။ မြန်မာပြည်သူများ ရင်ဆိုင်နေရသည့် အခြေအနေများကို ပြောင်းလဲမှုများ ဖြစ်ပေါ်စေရာတွင် ဘရူနိုင်းနိုင်ငံ၏ အာဆီယံအတွင်း ဦးဆောင်မှု အခန်းကဏ္ဍသည် အရေးပါသည်ဟု ယုံကြည်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အခင်းအကျင်း ဖန်တီးနိုင် ရေးနှင့်ပတ်သက်သည့် အာဆီယံ၏ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင် ရန်အတွက် လက်တွဲပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပြီး၊ မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့ နေရသည့် နိုင်ငံရေး အကြပ်အတည်းကို အားလုံးပါဝင်နိုင်မည့် အသွင်သဏ္ဍာန်ဖြင့် ဖြေရှင်းရန် အသင့်ရှိပါကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၏ ကိုယ်စား ထပ်လောင်းပြောကြား လိုပါသည်။ အဆိုပါ ဦးတည်ချက်များသည် အာဆီယံ အဖွဲ့ဝင် နိုင်ငံအချင်းချင်းအကြား ချမှတ်ထားသည့် ရေရှည်ကတိက ဝတ်များ ဖြစ်သည့်အတွက် အမျိုးသားညီညွတ်ရေးအစိုးရက အထူးအလေးထားပါသည်။

အဆွေတော် သိရှိနိုင်ပါရန် နှင့် စဉ်းစားမှု ပြုနိုင်ပါရန် အချက်အချို့ကို ဖော်ပြလိုပါသည်။ မြန်မာနိုင်ငံ နှင့် မြန်မာပြည်သူများအတွက် အာဆီယံက ပေးအပ်လျက်ရှိသည့် အထောက်အကူ များ၊ ကြိုးပမ်းအားထုတ်မှုများအတွက် အမျိုးသားညီညွတ်ရေးအစိုးရက လေးလေး နက်နက်

ကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါသည်။ သို့သော်လည်း အာဆီယံ နှင့် ဆက်စပ် အစည်းအဝေးပွဲများတွင် စစ်ကောင်စီက မြန်မာနိုင်ငံကိုယ်စားပြု၍ ဆက်လက်တက်ရောက်နေသည်ကို တွေ့ရှိရသည့်အတွက် အထူး စိုးရိမ်မိပါသည်။ ထပ်လောင်းအလေးအနက်ပြုပြောကြားလိုသည်မှာ စစ်ကောင်စီသည် အာဆီယံ ပဋိညာဉ် အပိုဒ် (၁) နှင့် အပိုဒ် (၂) ပါပြဋ္ဌာန်းချက်များကို ပြောင်ပြောင် တင်းတင်းချိုးဖောက်ခြင်းအားဖြင့် မြန်မာပြည်သူများ နှင့် ဒေသတွင်းပြည်သူများအား ခြိမ်းခြောက်လျက် ရှိပါသည်။ ထိုလုပ်ရပ်သည် အာဆီယံအဖွဲ့ကြီး၏ ရည်ရွယ်ချက် နှင့် အခြေခံမူများကို မျက်ကွယ်ပြုရာရောက်ပါသည်။

အာဆီယံပဋိညာဉ်သည် အာဆီယံဒေသအတွင်းရှိ ပြည်သူများကို အတူတကွ ပေါင်းစည်းပေးပြီး အာဆီယံအတွက် စည်းနှောင်မှုရှိသည့် အဓိက ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ အာဆီယံ၏ ရည်ရွယ်ချက်များ နှင့် အခြေခံမူများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းသည် ပိုမိုကောင်းမွန်သော ဒေသတစ်ခု တည်ဆောက်ရန် ကြိုးပမ်းနေကြသည့် အဖွဲ့ဝင်နိုင်ငံများ၏ ရည်ရွယ်ချက်ကောင်းများကို ထိခိုက်စေပါသည်။

ဒုတိယအချက်အနေဖြင့် ပြောကြားလိုသည်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးအတွက် အားလုံးပါဝင်သော အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာရန် အာဆီယံက ကြိုးပမ်းနေမှုများကို ကျွန်ုပ်တို့က လေးစားသော်လည်း အာဏာသိမ်းစစ်ကောင်စီ နှင့် အပြုသဘောဆောင်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာရန် ဖြစ်နိုင်ချေများရှာဖွေရာတွင် ကြိုတင်သတ်မှတ်ချက်များ ထားရှိရမည်ကို ပြောကြားလိုပါသည်။

တတိယအချက်အနေဖြင့် ပြောကြားလိုသည်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း သိရှိထားပြီး၊ နိုင်ငံတကာသတင်းမီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားသကဲ့သို့ပင် စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ရှိနေသည့်တိုင် မြန်မာပြည်သူများသည် မတရားသော အာဏာဖီဆန်ရေး အကြမ်းမဖက်ပြည်သူ့လှုပ်ရှားမှု (Civil Disobedience Movement) ကို ဆက်လက် ဆင်နွှဲလျက်ရှိပါသည်။ စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များသည် ယိုယွင်းပျက်စီးလာနေသော လူသားချင်းစာနာမှုဆိုင်ရာအခြေအနေကို ဖြစ်ပေါ်စေပြီး၊ စီးပွားရေးစနစ်ကိုလည်း ပြိုလဲစေခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတစ်ဝှမ်း COVID-19 ကပ်ရောဂါကို အရှိန်အဟုန်ဖြင့် ပြန့်နှံ့စေခဲ့ပါသည်။ မြန်မာပြည်သူပြည်သားများသည် နေ့စဉ် အသက်ဆုံးရှုံး နေကြရပါသည်။ သို့ဖြစ်ပါ၍ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းစဉ် များ နှင့် COVID-19

ကပ်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများတွင် ကျွန်ုပ်တို့ အမျိုးသား ညီညွတ်ရေးအစိုးရအား အထောက်အကူပြု၍ ပူးပေါင်းဆောင်ရွက်ပါရန် တိုက်တွန်း တောင်းဆိုလိုပါသည်။ ဤအချက်ကို အာဆီယံ၏ ထိပ်တန်းဦးစားပေးအဖြစ် ဆောင်ရွက် ပေးနိုင်ပါရန် ပန်ကြားလိုပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာပြည်တွင်း နှင့် နယ်စပ်ဒေသများတွင် COVID-19 ကပ်ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက် ပြည်သူ့ဗဟိုပြုတုန့်ပြန်ရေးအစီအစဉ်များကို ချမှတ်ထားပြီး ဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေး အစိုးရသည် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ (Ethnic Health Organizations) နှင့် ပူးပေါင်းလျက် COVID-19 လုပ်ငန်းအဖွဲ့ (COVID-19 Task Force) ကို ၂၀၂၁ ခုနှစ် ဇူလိုင်လ (၂၁) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အာဆီယံ နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် AHA စင်တာနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လိုပါသည်။

အာဆီယံဒေသတွင်းရှိ ရှုပ်ထွေးမှုများကို ရင်ဆိုင်ကျော်လွှားရာတွင် အာဆီယံအဖွဲ့ကြီး၏ ကြီးမားသော အခန်းကဏ္ဍကို ကျွန်ုပ်တို့ နားလည်ပါသည်။ မြန်မာပြည်သူများကိုယ်စား သော်လည်းကောင်း၊ အာဆီယံမိသားစု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့်သော်လည်းကောင်း ထပ်လောင်းပြောကြားလိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရသည် အာဆီယံနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါသည်။ အထူးသဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များ နှင့် ကျွန်ုပ်တို့ အားလုံး ရင်ဆိုင်နေကြရသည့် COVID-19 ကပ်ရောဂါ တိုက်ဖျက်ရေးကဏ္ဍတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်အနေဖြင့် ကျွန်ုပ်၏ အထူးအလေးထားဖော်ပြမှုကို လက်ခံပေးစေလိုပါသည်။

လေးစားစွာဖြင့်

ဒေါ်ဇင်မာအောင်
ဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ